# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၅/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃၁) ရက်

| ၃၁- ၇- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀၀ |
| ယူရို | ၂,၄၀၃.၆၆ |
| စင်္ကာပူဒေါ်လာ | ၁,၆၂၀.၈၁ |
| စတာလင်ပေါင် | ၂,၇၈၁.၈၇ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၀၃.၀၄ |
| တရုတ်ယွမ် | ၃၉၁.၉၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၃.၉၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၈၀ |
| မလေးရှား ရင်းဂစ် | ၄၉၂.၆၁ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၀၁ |
| ထိုင်းဘတ် | ၆၄.၃၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရိတ်သိမ်းကာလတွင် ဆူမားတြားမီးကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများ စိုးရိမ်လျက်ရှိ

➢ အိန္ဒိယနိုင်ငံတွင် တောင်သူများက ပြောင်းပိုမိုတိုးချဲ့စိုက်ပျိုးလာသည့်အတွက် ဇူလိုင်လ ၂၁ ရက်နေ့အထိ ပြောင်းစိုက်ဧက ၁၅ ရာခိုင်နှုန်းတိုးတက်လာ

➢ အိန္ဒိယနိုင်ငံတွင် ယခုနှစ် မုတ်သုံမိုးစောစီးစွာ ရွာသွန်းမှုကြောင့် မိုးရာသီပဲတီစိမ်းစိုက်ဧက ၁၁ ရာခိုင်နှုန်းကျော် တိုးတက်လာ

➢ အိန္ဒိယတွင် မိုးရွာသွန်းမှု မမျှတမှုကြောင့် ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်တက်လာနိုင်သဖြင့် အသင့်ပြင်ဆင်ထားရှိရန် ICICI ဘဏ်က သတိပေး

➢ ဘင်္ဂလားဒေ့ရှ်က ဆန်တန်ချိန် ၉ သိန်း တင်သွင်းရန် စီစဉ်နေသောကြောင့် အိန္ဒိယ ဆန်စက်နှင့် ဆန်ကုန်သည်များက ဈေးကွက်အခြေအနေပိုမိုကောင်းမွန်လာရန် မျှော်မှန်းလျက်ရှိ

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနှင့် ယူကေအကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

## ရိတ်သိမ်းကာလတွင် ဆူမားတြားမီးကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများ စိုးရိမ်လျက်ရှိ

ဆူမားတြားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု အရှိန်ပြင်းထန်လာသည့်အတွက် ဆီအုန်းစိုက်ပျိုးဧရိယာများတွင် လုပ်ငန်းဆောင်ရွက်မှု ထိခိုက်စေကာ ရိတ်သိမ်းကာလအတွင်း ထုတ်လုပ်မှုအနှောက်အယှက်ဖြစ်ပေါ်မည်ကို အင်ဒိုနီးရှားစားအုန်းဆီလုပ်ငန်းများက စိုးရိမ်လျက် ရှိပါသည်။

ဆူးမားတြားအရှေ့အလယ်ပိုင်းရှိ Riau ပြည်နယ်တွင် ပျော့ဖတ်နှင့်စက္ကူ ထုတ်လုပ်သူဖြစ်သည့် April Group ၏ ဒုတိယညွှန်ကြားရေးမှူး Craig Tribolet က "ရှေ့ရက်သတ္တပတ်များတွင် မီးဘေးအန္တရာယ်တုန့်ပြန်ရေးအသင်းများသည် သတိအနေအထားဖြင့် စောင့်ကြည့်လျက် ရှိပြီး မီးကူးစက်လောင်ကျွမ်းမှုကို တားဆီးရန်နှင့် စိုက်ပျိုးကွေများ၊ ထိန်းသိမ်းဧရိယာများ၊ အနီးအနားရှိ ရွာများကို ကာကွယ်ရန်အတွက် ဒေသခံပြည်သူလူထု၊ အစိုးရအာဏာပိုင်အဖွဲ့များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

Riau ပြည်နယ်သည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး ဆီအုန်းစိုက်ပျိုးဒေသများအနက် တစ်ခုဖြစ်ပြီး တောမီးသည် ပြည်နယ်အနှံ့အပြား ပျံ့နှံ့လာသည့်အတွက် အရေးပေါ်အခြေအနေကြေညာထားပါသည်။ မီးလောင်ကျွမ်းမှု အရှိန်မြင့်တက်လာသော်လည်း အင်ဒိုနီးရှား စားအုန်းဆီအသင်းက Riau ပြည်နယ်ရှိ ၎င်း၏ အသင်းဝင်များ၏ စိုက်ခင်းများမှာ ထိခိုက်မှုမရှိကြောင်း အတည်ပြုထားပါသည်။ အင်ဒိုနီးရှားစားအုန်းဆီအသင်းဥက္ကဋ္ဌ Eddy Martono က ကုမ္ပဏီများသည် သတိအနေအထားဖြင့် စောင့်ကြည့်လျက်ရှိပြီး ပူပြင်းခြောက်သွေ့ရာသီအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း၊ ပူပြင်းခြောက်သွေ့ရာသီတိုင်းတွင် အဖွဲ့ဝင်ကုမ္ပဏီများထံသို့ သတိပေးစာများ ပေးပို့ကြောင်း၊ တောမီးသည် အဖွဲ့ဝင်ကုမ္ပဏီများ၏ စိုက်ခင်းနေရာများနှင့် အလှမ်းဝေးသော်လည်း အန္တရာယ်ရှိနိုင်မှု မြင့်ကြောင်းကို အသိပေးထားကြောင်း" ပြောကြားခဲ့ပါသည်။

လေ့လာဆန်းစစ်သူများက မီးသည် ဆီအုန်းစိုက်ပျိုးဧရိယာများသို့ ပျံ့နှံ့လာပါက စားအုန်းဆီထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း သုံးသပ်ကြပါသည်။ BMI ၏ သီးနှံများ လေ့လာသုံးသပ်သူ Matthew Biggin က "ဇူလိုင်လသည် ထုတ်လုပ်မှုအမြင့်ဆုံးလဖြစ်သည့်အတွက် အရေးကြီးသည့်လဖြစ်ကြောင်း၊ မီးနှင့် အပူတို့ကြောင့် ပျက်စီးဆုံးရှုံးမှုသည် စားအုန်းဆီ ထုတ်လုပ်မှုနှင့်ဈေးကွက်သို့ ပေးသွင်းနိုင်မှုအပေါ် သက်ရောက်မှု ကြီးမားနိုင်ကြောင်း၊ မီးနှင့် မြူခိုးများသည် ရိတ်သိမ်းမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့ကို ထိခိုက်နိုင်ပြီး ရေတိုကာလတွင် ဈေးကွက်သို့ ပေးသွင်းနိုင်မှုလျော့ကျနိုင်ကြောင်း၊ သို့ရာတွင် မလေးရှားနိုင်ငံ၏ ဆီအုန်းထုတ်လုပ်မှုသည် ဈေးကွက်အပေါ် သက်ရောက်

မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။ BMI က ၂၀၂၅-၂၀၂၆ ရာသီတွင် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုမှာ တန်ချိန် ၈၀.၆ သန်းရှိမည်ဟု ခန့်မှန်းထားပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး ဆီအုန်းစိုက်ပျိုးဒေသတစ်ခုဖြစ်သည့် Riau ပြည်နယ်တွင် မိုးလောင်ကျွမ်းမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှုတို့အပေါ် သက်ရောက်မှုများ ရှိလာနိုင်ပြီး ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာနိုင်သည့် အခြေအနေရှိနိုင်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်ကာပူ

ရင်းမြစ်။ The Business Times

**အိန္ဒိယနိုင်ငံတွင် တောင်သူများက ပြောင်းပိုမိုတိုးချဲ့စိုက်ပျိုးလာသည့်အတွက် ဇူလိုင်လ ၂၁ ရက်နေ့ အထိ ပြောင်းစိုက်ဧက ၁၅ ရာခိုင်နှုန်းတိုးတက်လာ**

အိန္ဒိယနိုင်ငံတွင် ပြောင်းစိုက်ပျိုးသူ တောင်သူများ ပိုမိုများပြားလာသည်နှင့်အမျှ ယခုလတတိယပတ်အထိ တစ်နိုင်ငံလုံးတွင် ၎င်းသီးနှံစိုက်ပျိုးမှု ၁၅ ရာခိုင်နှုန်း တိုးလာကြောင်း၊ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ယခုလ ၂၁ ရက်နေ့အထိ အချက်အလက်များအရ ယမန်နှစ် အလားတူကာလက ဟက်တာ ၆၁ ဒသမ ၇၃ သိန်း စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ပြောင်းကို ဟက်တာ ၇၁ ဒသမ ၂၁ သိန်းနီးပါး တိုး၍ စိုက်ပျိုးထားကြောင်း သိရသည်။

ပြောင်းစိုက်ဧက တိုးတက်လာမှုကို ပြည်နယ်အားလုံးနီးပါးတွင် တွေ့မြင်ခဲ့ရမည်ဖြစ်ကြောင်း၊ ခါရစ် (မိုး)ရာသီအတွင်း ပြောင်းအများဆုံးထုတ်လုပ်သည့် Karnataka ပြည်နယ်တွင် ပြောင်းစိုက်ပျိုးမှုသည် ယခုလ ၁၈ ရက်နေ့အထိ ဟက်တာ ၁၅ ဒသမ ၂၃ သိန်း (ယခင်နှစ်က ဟက်တာ ၁၃ ဒသမ ၈၇ သိန်း) အထိ တိုးလာခဲ့ကြောင်း သိရသည်။ အလားတူပင် Rajasthan ပြည်နယ်တွင်လည်း ပြောင်းစိုက်ဧကသည် ယခုလ ၂၁ ရက်နေ့အထိ ဟက်တာ ၉ ဒသမ ၃၄ သိန်းအထိ တိုးလာခဲ့ပြီး ယခင်နှစ် အလားတူကာလက ဟက်တာ ၉ ဒသမ ၀၁ သိန်းသာ ရှိခဲ့ကြောင်း သိရသည်။

Telangana ပြည်နယ်တွင် ပြောင်းစိုက်ဧကသည် ယခုလ ၁၆ ရက်နေ့အထိ ဟက်တာ ၄ ဒသမ ၄၉ သိန်း (ယခင်နှစ်က ဟက်တာ ၂ ဒသမ ၈၉ သိန်း) ရှိခဲ့ပြီး Maharashtra ပြည်နယ်တွင်မှု

ယခုလ ၁၄ ရက်နေ့အထိ ဟက်တာ ၁၂ ဒသမ ၃၅ သိန်း (ယခင်နှစ်က ဟက်တာ ၉ ဒသမ ၇၅ သိန်း) ရှိခဲ့ကြောင်း သိရသည်။ သို့သော်လည်း Gujarat ပြည်နယ်တွင် ပြောင်းစိုက်ဧကသည် ယခုလ ၂၁ ရက်နေ့အထိ ဟက်တာ ၂ ဒသမ ၁၉ သိန်းသာရှိခဲ့ရာ ယခင်နှစ်က ဟက်တာ ၂ ဒသမ ၇၄ သိန်းနှင့် နှိုင်းယှဉ်ပါက လျော့နည်းခဲ့ကြောင်း၊ တောင်သူများက မြေပဲကို ပိုမိုစိုက်ပျိုးနေကြကြောင်း သိရသည်။

iGrain India မှ Rahul Chauhan က တိရစ္ဆာန်အစာနှင့် ဇီဝအီသနော ထုတ်လုပ်သူများထံမှ ပြောင်းသီးနှံဝယ်လိုအား ကောင်းမွန်နေခြင်းကြောင့် တောင်သူများက ပြောင်းစိုက်ဧကကို တိုးချဲ့နေကြကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်အတွင်း တောင်သူများသည် ပဲပုပ်နှင့် ပဲမျိုးစုံကဲ့သို့သော အခြားသီးနှံများထက် ပြောင်းသီးနှံက ဈေးကောင်းရခဲ့ကြပြီး ရလဒ်အနေဖြင့် ၎င်းတို့သည် ပြောင်းသီးနှံကို ပိုမိုစိုက်ပျိုးရန် နှစ်သက်လာကြကြောင်း ၎င်းက ပြောကြားခဲ့သည်။

Karnataka, Rajasthan, Maharashtra, Telangana ပြည်နယ်များနှင့် နိုင်ငံအနောက်ပိုင်း Uttar Pradesh ပြည်နယ်၏ ဒေသအချို့အပါအဝင် ပြည်နယ်အားလုံးနီးပါးတွင် ပြောင်းစိုက်ဧကတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ တောင်သူအချို့သည် ပဲပုပ်၊ ပဲစင်းငုံနှင့် ဝါဂွမ်းကဲ့သို့သော သီးနှံများမှ ပြောင်းသို့ ပြောင်းလဲစိုက်ပျိုးနေကြသည်ဟု ဆိုသည်။ စိုက်ပျိုးမှုအခြေအနေအရ ယခုခါရစ်စိုက်ပျိုးရာသီတွင် ပြောင်းစိုက်ဧက စံချိန်တင် မြင့်မားလာမည်ဟု Chauhan က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ခါရစ်ရာသီအတွင်း ပြောင်းစိုက်ဧကသည် ဟက်တာ ၈၄ ဒသမ ၃၀ သိန်းအထိ စံချိန်တင်တိုးတက်ခဲ့ကြောင်း သိရသည်။ ရာဘီ(ဆောင်း)ရာသီ စိုက်ဧက ဟက်တာ ၂၇ ဒသမ ၂၄ သိန်းနှင့် နွေရာသီစိုက်ဧက ဟက်တာ ၈ ဒသမ ၄ သိန်းတို့ ပါဝင်ပါက စုစုပေါင်း ပြောင်းစိုက်ဧကသည် ဟက်တာ ၁၂၀ ဒသမ ၁၇ သိန်း ရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၄၂ ဒသမ ၂၈ သန်းအထိ တိုးလာခဲ့ပြီး ယခင်နှစ်က တန်ချိန် ၃၇ ဒသမ ၆၆ သန်းသာ ရှိခဲ့ကြောင်း တွေ့ရှိရသည်။

"စိုက်ဧကတိုးလာလို့ ပြောင်းထုတ်လုပ်မှု တိုးတက်လာတာကို ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း တိုးတက်နေတဲ့ မွေးမြူရေးကဏ္ဍရဲ့ ဝယ်လိုအားက ဖုံးလွှမ်းသွားပါလိမ့်မယ်" ဟု CLFMA of India ဥက္ကဋ္ဌ Divya Kumar Gulati က ပြောကြားခဲ့သည်။ ၎င်းက ပြောင်းအတွက် တိရစ္ဆာန်အစာနှင့် ပြောင်းကော်မှုန့်ကဏ္ဍတို့မှသာမက ဇီဝအီသနော ထုတ်လုပ်သူများထံမှပါ ဝယ်လိုအား တိုးတက်လာ

Agribusiness & Trade

ခြင်းကြောင့် အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ပြောင်းအသားတင် တင်သွင်းသည့်နိုင်ငံ အဖြစ်ရပ်တည်နေပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် လွန်ခဲ့သော ၁၀ နှစ်အတွင်း ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂.၅ ဒသမ ၆၇ သိန်းခန့်မှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၂.၂ ဒသမ ၈၁ သိန်း အထိ စံချိန်တင် နှစ်ဆနီးပါး တိုးတက်လာခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့သော်လည်း တိရစ္ဆာန်အစာ၊ ဇီဝအီသနောနှင့် ပြောင်း ကော်မှုန့်ကဲ့သို့သော ကဏ္ဍများမှ ပြည်တွင်းဝယ်လိုအားသည် ထောက်ပံ့နိုင်မှုထက် ကျော်လွန်နေ ခြင်းကြောင့် အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပြောင်းအသားတင် တင်သွင်းသည့်နိုင်ငံ အဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် ယခင်နှစ်က တန်ချိန် ၁ ဒသမ ၃၇ သိန်းသာ ရှိခဲ့ရာမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၉ ဒသမ ၇ သိန်းအထိ ရောက်ရှိခဲ့ရာ ခြောက်ဆတိုးတက်လာခဲ့ ကြောင်း တွေ့ရှိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Maize acreage up 15% till July 21, seen heading for a new high as farmers expand area, July 22, 2025

## အိန္ဒိယနိုင်ငံတွင် ယခုနှစ် မုတ်သုံမိုးစောစီးစွာ ရွာသွန်းမှုကြောင့် မိုးရာသီပဲတီစိမ်း စိုက်ဧက ၁၁ ရာခိုင်နှုန်းကျော် တိုးတက်လာ

အိန္ဒိယနိုင်ငံတွင် ယခုနှစ် မုတ်သုံမိုးစောစီးစွာ ရွာသွန်းမှုကြောင့် Rajasthan၊ Karnataka နှင့် Maharashtra ပြည်နယ်များအပါအဝင် ပဲတီစိမ်းအဓိကထုတ်လုပ်သည့် ပြည်နယ်များတွင် မျိုးစေ့ချ ခြင်းကို အထောက်အကူပြုခဲ့ရာ ယခုလ ၂၁ ရက်နေ့အထိ ပဲတီစိမ်းစိုက်ဧက ၁၁ ရာခိုင်နှုန်းကျော် တိုးတက်လာပြီး ဟက်တာ ၂၇ ဒသမ ၃၁ သိန်း အထိ ရောက်ရှိခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၃ ရက်နေ့က ဖော်ပြသည်။

အစိုးရ၏ ကြမ်းခင်းဈေး (Minimum support price-MSP) တိုးမြှင့်ပေးမှုနှင့် ယခင်စိုက်ပျိုးရာသီများတွင် အစိုးရ၏ ဝယ်ယူမှုများကြောင့် တောင်သူများသည် ပဲတီစိမ်းစိုက်ဧကကို တိုးချဲ့လျက်ရှိကြောင်း တွေ့ရှိရသည်။ ပဲတီစိမ်းစိုက်ဧကသည် ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့သော အခြားအဓိက ကာရစ် (မိုးရာသီ) ပဲမျိုးရင်းဝင်များထက် ပိုမိုများပြားကြောင်း သိရသည်။ အစိုးရသည် ၂၀၂၅-၂၆ ရာသီအတွက် ပဲတီစိမ်း၏ MSP ကို ယခင်နှစ်က ရူပီး ၈,၆၈၂ မှ ၁ ရာခိုင်နှုန်း တိုးမြှင့်၍ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈,၇၆၈ အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

ပဲစိုက်ဧရိယာတိုးချဲ့မှုတွင် Rajasthan ပြည်နယ်သည် အခြားပြည်နယ်များထက် ဦးဆောင်နေကြောင်း တွေ့ရှိရသည်။ ယခုလ ၂၃ ရက်နေ့အထိ Rajasthan ရှိ ပဲတီစိမ်းစိုက်ဧက ၁၆ ရာခိုင်နှုန်းတိုးလာပြီး ဟက်တာ ၂၂ ဒသမ ၁၉ သိန်းအထိ ရှိကြောင်း သိရသည်။ ယခုလ ၁၈ ရက်နေ့အထိ Karnataka ပြည်နယ်ရှိ ပဲတီစိမ်းစိုက်ဧကသည် ဟက်တာ ၄ ဒသမ ၁ သိန်း တွင် ပြောင်းလဲမှုမရှိဘဲတည်ငြိမ်နေသော်လည်း Gujarat ပြည်နယ်တွင် ၃၂,၉၉၀ ဟက်တာ (ယခင်နှစ်က ၂၇,၄၀၈ ဟက်တာ) အထိ တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။ Telangana ပြည်နယ်တွင် ပဲတီစိမ်းစိုက်ဧကသည် ယခုလ ၂၃ ရက်နေ့အထိ ၄၉,၈၁၅ ဟက်တာ (ယခင်နှစ်က ၅၇,၈၅၃ ဟက်တာ) ဖြင့် လျော့နည်းခဲ့ကြောင်း သိရသည်။ Maharashtra ပြည်နယ်တွင် ပဲတီစိမ်းကို ဟက်တာ ၂ ဒသမ ဝ၂ သိန်းခန့် စိုက်ပျိုးထားကြောင်း သိရသည်။

"ဒီနှစ် ပဲတီစိမ်းစိုက်ပျိုးမှုက ပဲစင်းငုံ ဒါမှမဟုတ် မတ်ပဲထက် အများကြီး ပိုကောင်းပါတယ်။ MSP မြင့်မားခြင်း၊ မုတ်သုန်ရာသီ စောစီးစွာရောက်ရှိခြင်းနဲ့ ပဲတီစိမ်းက ရက် ၆၀ ကနေ ၈၀ လောက်ပဲ ကြာတဲ့သီးနှံဖြစ်ခြင်းစတဲ့ အချက်တွေက တောင်သူတွေကို စိတ်ဝင်စားမှု မြင့်တက်စေခဲ့ပါတယ်" ဟု အိန္ဒိယ ပဲမျိုးစုံနှင့် သီးနှံအသင်း (India Pulses and Grains Association -IPGA) ၏ အတွင်းရေးမှူး Satish Upadhyay က ပြောကြားခဲ့သည်။

"Rajasthan ပြည်နယ်မှာ ပဲတီစိမ်းစိုက်ပျိုးမှုက အရမ်းကောင်းပါတယ်။ ဒါပေမဲ့ တစ်ခုပဲ စိုးရိမ်တာက အချို့ဒေသတွေမှာ မိုးတွေအရမ်းများနေတာပါပဲ။ Maharashtra နဲ့ Karnataka ပြည်နယ်တွေမှာလည်း မိုးရွာနေတာက စိုးရိမ်စရာပါပဲ" ဟု Upadhyay က ပြောကြားခဲ့သည်။

Ahmedabad မြို့မှ ကြိတ်ခွဲထုတ်လုပ်သူ Punit Bachhawat က Rajasthan ပြည်နယ်တွင် စိုက်ပျိုးမှုကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။ "သီးနှံက ကောင်းပါတယ်။ မိုးရပ်သွားရင် အထွက်နှုန်းက ၂၀ ရာခိုင်နှုန်း ပိုများလာပါလိမ့်မယ်" ဟု Bachhawat က ပြောကြားခဲ့သည်။

Agribusiness & Trade

iGrain India မှ Rahul Chauhan က MSP တိုးမြှင့်ခြင်းအပြင် မိုးစောစီးစွာရွာသွန်းခြင်းနှင့် ပြီးခဲ့သည့်နှစ်က အစိုးရ၏ ဝယ်ယူမှုတို့သည် ယခုနှစ် ပဲတီစိမ်းစိုက်ဧက တိုးတက်မှုကို အထောက်အကူပြုနေကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲတီစိမ်းထုတ်လုပ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၈ ဒသမ ၁၉ သိန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း အစိုးရ၏ တတိယအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ သိရသည်။ ယခင်နှစ်က တန်ချိန် ၃၁ ဒသမ ၀၃ သိန်းသာ ရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ တိုးတက်မှုသည် အဓိကအားဖြင့် နွေရာသီထုတ်လုပ်မှု တန်ချိန် ၁၉ ဒသမ ၇၄ သိန်းအထိ မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ခါရစ် (မိုးရာသီ) ပဲတီစိမ်း ထုတ်လုပ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇ ဒသမ ၄၇ သိန်း ရှိခဲ့ကြောင်း သိရသည်။ ပဲတီစိမ်းကို အိန္ဒိယနိုင်ငံတစ်ဝှမ်း စိုက်ပျိုးရာသီ သုံးခုစလုံးတွင် စိုက်ပျိုးကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ပဲတီစိမ်းစိုက်ပျိုးမှု တိုးတက်လာသော်လည်း ပြည်တွင်းလိုအပ်ချက်နှင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပဲမျိုးစုံတင်သွင်းမှုမှာ ဆက်လက်လိုအပ်နေဦးမည် ဖြစ်ပါသည်။ အထူးသဖြင့် မိုးများခြင်းစသည့် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကြောင့် အထွက်နှုန်းအပေါ် သက်ရောက်မှုရှိနိုင်သဖြင့် မြန်မာနိုင်ငံမှ အရည်အသွေးကောင်းမွန်သော ပဲမျိုးစုံကို ဆက်လက်တင်ပို့နိုင်သည့် အခွင့်အလမ်းများ ရှိနေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Early rains, hike in MSP boost kharif moong acreage, July 23, 2025

---

## အိန္ဒိယတွင် မိုးရွာသွန်းမှု မမှန်မှုကြောင့် ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်တက်လာနိုင်သဖြင့် အသင့်ပြင်ဆင်ထားရှိရန် ICICI ဘဏ်က သတိပေး

အိန္ဒိယနိုင်ငံအတွင်းရှိ ပြည်နယ်အသီးသီးတွင် မိုးရွာသွန်းမှု မမျှတမှုကြောင့် မကြာခင်ကာလအတွင်း အဓိကသီးနှံများ၏ ဈေးကွက်အတွင်းရရှိနိုင်မှုကျဆင်းလာပြီး ဈေးနှုန်းများတက်လာနိုင်ကြောင်း ICICI ဘဏ်၏ အစီရင်ခံစာအရ သိရသည်။

မိုးရွာသွန်းမှုနည်းပါးသည့်ဒေသအချို့တွင် သီးနှံပျက်စီးမှုကြောင့် ဈေးနှုန်းများ မြင့်တက်လာနိုင်ပါကြောင်း၊ ပြည်နယ်အများအပြားတွင် မိုးရွာသွန်းမှု ပိုလျှံနေပါကြောင်း၊ ရာဂျစ်စတန်ပြည်နယ်သည် ပျမ်းမျှမိုးရေချိန် (Long Period Average - LPA) ထက် ၁၁၈ ရာခိုင်နှုန်း၊ မဒရာပရာဒေ့ရှ်ပြည်နယ်သည် LPA ထက် ၅၇ ရာခိုင်နှုန်း ၊ ဂူဂျာရတ်ပြည်နယ်သည် LPA ထက် ၄၈ ရာခိုင်နှုန်း၊ ဟာရာနပြည်နယ်သည် LPA ထက် ၂၄ ရာခိုင်နှုန်း ပိုမိုရရှိခဲ့ကြောင်းနှင့် ကာနတာကပြည်နယ် (LPA အထက် ၈ ရာခိုင်နှုန်း)၊ အနောက် ဘင်္ဂလားပြည်နယ် (LPA ထက် ၄ ရာခိုင်နှုန်း)နှင့် Chhattisgarh ပြည်နယ် (LPA အထက် ၃ ရာခိုင်နှုန်း) တို့သည် ပုံမှန်မိုးရေချိန်ရရှိခဲ့ကြကြောင်းနှင့် မိုးရွာသွန်းမှုမညီမျှမှုများကြောင့် သီးနှံပျက်စီးမှုရှိသော ဒေသများတွင် ထုတ်လုပ်သည့်အဓိက ကောက်ပဲသီးနှံများ၏ ဈေးနှုန်းများ မကြာမီကာလတွင် မြင့်တက်မှုများရှိလာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အခြားတစ်ဖက်တွင်မိုးရွာသွန်းမှုသည် ဘီဟာပြည်နယ် (LPA အောက် ၄၂ ရာခိုင်နှုန်း)၊ တီလန်ဂနာပြည်နယ် (LPA အောက် ၂၂ ရာခိုင်နှုန်း)၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ် (LPA အောက် ၁၅ ရာခိုင်နှုန်း)၊ တမီးလ်နာဒူးပြည်နယ် (LPA အောက် ၆ ရာခိုင်နှုန်း)၊ မဟာရက်ရှ်ထရာပြည်နယ် (LPA အောက် ၃ ရာခိုင်နှုန်း)၊ ပန်ဂျတ်ပြည်နယ် (LPA အောက်တွင် ၂ ရာခိုင်နှုန်း) နှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ် ( LPA အောက် ၂ ရာခိုင်နှုန်း) သာရှိခဲ့ကြောင်းသိရှိရသည်။

မိုးရွာသွန်းမှုမှာ မျှတမှုမရှိသော်လည်း မိုးရာသီသီးနှံစိုက်ပျိုးမှုမှာ ကောင်းမွန်သည့်အခြေအနေတွင်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပုံမှန်စိုက်ပျိုးမှုလျာထားချက် ဟက်တာ ၁၀၉ ဒသမ ၇ သန်း အနက် ဟက်တာ ၇၀ ဒသမ ၈ သန်းကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ယခင်နှစ်အလားတူကာလက စိုက်ပျိုးထားရှိနိုင်မှု ဟက်တာ ၆၈ သန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုစိုက်ပျိုးထားရှိနိုင်သည်ကို တွေ့ရှိရကြောင်းနှင့် ပြီးခဲ့သည့် ရက်သတ္တပတ်တစ်ခုတည်းတွင်ပင် စိုက်ပျိုးမှုဧရိယာသည် ဟက်တာ ၅၉ ဒသမ ၈ သန်းရှိခဲ့ကြောင်း သိရှိရသည်။

ဇူလိုင်လ ၂၁ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၏ စုစုပေါင်းမိုးရေချိန်သည် ၃၇၄ မီလီမီတာရှိပြီး ယင်းသည် ပျမ်းမျှမိုးရေချိန်ထက် ၆ ရာခိုင်နှုန်း ပိုမိုများပြားပါကြောင်း၊ သို့သော်လည်း ယင်းသည် နိုင်ငံ၏ အလယ်ပိုင်းနှင့် အရှေ့မြောက်ဒေသများတွင် မိုးရွာသွန်းမှု လျော့နည်းခြင်းကြောင့် ပြီးခဲ့သော သီတင်းပတ်တွင် စံချိန်တင်ထားသော ၉ ရာခိုင်နှုန်းမှ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။

Agribusiness & Trade

မိုးရာသီစိုက်ပျိုးမှုမှာ ကောင်းမွန်စွာဖြစ်ထွန်းနေသော်လည်း မိုးရွာသွန်းမှု မညီမျှမှုများကြောင့် မိုးရှားပါးသောဒေသများတွင် သီးနှံအထွက်နှုန်းကို ထိခိုက်စေနိုင်ပြီး မဝေးတော့သော ကာလတွင် သီးနှံများရောင်းလိုအားကျဆင်းလာပြီး ဈေးနှုန်းများအပေါ် ဖိအားများဖြစ်ပေါ်လာနိုင်သည်ဟု အစီရင်ခံစာတွင် အကြံပြုထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုမမျှတမှုကြောင့် အဓိက ကောက်ပဲသီးနှံထွက်ရှိမှုများ အပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း ခန့်မှန်းနေမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Get ready for supply shock in crop prices after uneven rainfall distribution: ICICI Bank, The Economic Times, July 23, 2025.

……………………………………………………………………………………………………

## ဘင်္ဂလားဒေ့ရှ်က ဆန်တန်ချိန် ၉ သိန်း တင်သွင်းရန် စီစဉ်နေသောကြောင့် အိန္ဒိယ ဆန်စက်နှင့် ဆန်ကုန်သည်များက ဈေးကွက်အခြေအနေပိုမိုကောင်းမွန်လာရန်

အိန္ဒိယ ဆန်စက်လုပ်ငန်းရှင်များနှင့် တင်ပို့ရောင်းချသူများသည် ဘင်္ဂလားဒေ့ရှ်၏ "ဆန်တန်ချိန် ၉ သိန်း တင်သွင်းရန်" အစီအစဉ်ကို စောင့်ကြည့်နေကြပြီး ဆန်ဝယ်လိုအားနှင့် ဈေးနှုန်းများ ပိုမိုကောင်းမွန်လာမည်ဟုမျှော်မှန်းထားကြောင်း ကုန်သည်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။

အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၆ ရာခိုင်နှုန်းကိုရရှိထားပြီး တည်နေရာအနေအထား၊ ဈေးကွက်ဖြည့်ဆည်းပေးနိုင်မှုနှင့် ယှဉ်ပြိုင်နိုင်သောဈေးနှုန်းများကြောင့် ဘင်္ဂလားဒေ့ရှ်၏ အစီအစဉ်အပေါ် အဓိကအကျိုးခံစားခွင့် ရနိုင်သူဖြစ်ရန် မျှော်လင့်ထားကြောင်း ၎င်းတို့ကပြောကြားထားသည်။

စုစုပေါင်းတင်သွင်းမှုအစီအစဉ်အရ ဘင်္ဂလားဒေ့ရှ်အစိုးရက တန်ချိန် ၄ သိန်းကိုနိုင်ငံတကာ တင်ဒါတွေမှတစ်ဆင့် တိုက်ရိုက် ဝယ်ယူမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် တန်ချိန် ၅ သိန်းကို အိမ်နီးချင်းနိုင်ငံများ၏ ပုဂ္ဂလိကကုန်သည်များမှတစ်ဆင့် တင်သွင်းမည်ဖြစ်ကြောင်း၊ ယခုဆုံးဖြတ်ချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် စိုက်ပျိုးဆဲဖြစ်သည့် ဆန်စပါး (အမ်မုံ

စပါး) အထွက်နှုန်းထိခိုက်မှုဖြစ်နိုင်ခြေရှိမှုကို စိုးရိမ်ပြီး ပုံမှန်အခြေအနေထက်ဆောလျင်စွာ ထုတ်ပြန်ခြင်းဖြစ်ကြောင်း Ricevilla Foods ၏ CEO Suraj Awgaral မှ ပြောကြားခဲ့သည်။

Jai Baba Bakreswar ဆန်စက်၏ ဒါရိုက်တာဖြစ်သူ Rahul Agarwal က ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များ၏ အဆိုပြုထားသောအစီအစဉ်မှ အကျိုးအမြတ်ရရှိရန် နိုင်ငံ၏ ဆန်လုပ်ငန်းများ အထူးသဖြင့် ဘင်္ဂလားပြည်နယ်သည် ကောင်းမွန်သော အနေအထားတွင်ရှိပါကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံက Petrapole နယ်စပ်မှတဆင့် အဝတ်အထည်နှင့် ဂုန်လျှော်များ တင်သွင်းမှုကို တားမြစ်ထားမှုကြောင့် သံတမန်ရေးရာ အတားအဆီးမရှိလာရန် မျှော်လင့်ပါကြောင်း၊ ပုဂ္ဂလိကတင်သွင်းမှု၏ အနည်းဆုံး ၃၀-၄၀% သည် Bengal ဆန်စက်များနှင့် ကုန်သည်များထံမှ ဝယ်ယူမှုများ ဖြစ်လာနိုင်ပါကြောင်း၊ ဘင်္ဂလားဆန်စက်များသည် တန်ချိန် ၄ သိန်းအတွက် အစိုးရတင်ဒါတွင်လည်းပါဝင်လာနိုင်ပါကြောင်း၊ Bengal၊ Jharkhand၊ Andhra Pradesh၊ Odisha နှင့် Bihar ကဲ့သို့ ပြည်နယ်များသည် အများဆုံးအကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် Swarna၊ Ratna၊ Miniket နှင့် Sona Masoori ကဲ့သို့သော လူကြိုက်များသော အိန္ဒိယဆန်မျိုးကွဲများသည် အနောက်ဘင်္ဂလားနှင့် အိန္ဒိယတောင်ပိုင်းတို့တွင် မျှော်မှန်းထားသော ဝယ်လိုအားများလာချိန်တွင် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဟု ပြောကြားခဲ့သည်။

Swarna Mansoori ပေါင်းဆန်ဈေးနှုန်းသည် တစ်ကီလိုလျှင် ၂၉ ရူပီး မှ ၃၁ ရူပီး သို့မဟုတ် ၃၂ ရူပီးအထိ မြင့်တက်လာနိုင်ပြီး Miniket အမျိုးအစားမှာ လက်ရှိရောင်းချလျက်ရှိသော ရူပီး ၄၁-၄၂ မှ လာမည့်သီတင်းပတ်များအတွင်း တစ်ကီလိုလျှင် ၄၅ ရူပီးအထိ ရှိနိုင်ကြောင်း Suraj Agarwal က ပြောကြားထားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက ဆန်တန်ချိန် ၁၄ သိန်းကို ဩဂုတ်လလယ်တွင် အပြီးသတ်ဝယ်ယူရန် လျာထားမှုအနက် ဘိုရိုစပါးတန်ချိန် ၃ ဒသမ ၇၆ သိန်းနှင့် ဆန်တန်ချိန် ၉ ဒသမ ၅၀ သိန်းကို ဝယ်ယူထားပြီးဖြစ်ကြောင်း သတင်းများအရ သိရသည်။

အစီရင်ခံစာများအရ၊ ဘင်္ဂလားဒေ့ရှ်အစိုးရသည် မိသားစု ၅၅ သိန်းကျော်အထိ အစားအစာထောက်ပံ့ရေးအစီအစဉ်ကို ယခုဩဂုတ်လမှစပြီး ဖြန့်ချိရန်အဆိုပြုထားပြီး၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဖေဖော်ဝါရီနှင့် မတ်လများအတွင်း တစ်လလျှင် ဆန် ၃၀ ကီလိုဂရမ်ကို တစ်ကီလိုဂရမ်လျှင် ၁၅ တာကာ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

Agribusiness & Trade

အိန္ဒိယဆန်တင်ပို့သူများက ယခုအစီအစဉ်ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဓိက ဆန်ပေး သွင်းသူအဖြစ် အိန္ဒိယ၏အနေအထားကို ထပ်မံအခိုင်အမာဖြစ်စေမည်ဖြစ်ကြောင်းနှင့် ဆန်ဈေးနှုန်း တည်ငြိမ်မှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်လျက်ရှိကြောင်း သိရှိရသည်။

ပို့ကုန်လုပ်ငန်းရှင်များက ပြည်တွင်းဈေးကွက်တွင် အနိမ့်စားဆန်မှ အလတ်စားဆန်ဈေး ကွက်အားမြှင့်တင်ရာတွင် ဘင်္ဂလားဒေ့ရှ်၏ အဓိကဆန်တင်သွင်းသူအဖြစ် အိန္ဒိယ၏ ရပ်တည်ချက် သည် ပိုမိုအားကောင်းလာမည်ဟု ယုံကြည်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆန်ဝယ်ယူရေးစီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို သိရှိ နိုင်ပါရန်နှင့် လိုအပ်သကဲ့သို့ စီစဉ်ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Indian millers, exporters optimistic as Bangladesh plans to import 9 lakh tonne rice: Stakeholders, The Economic Times, July 20, 2025.

## အိန္ဒိယနှင့် ယူကေအကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး

အိန္ဒိယနှင့် ယူကေတို့သည် ယခုအခါတွင် လက်ရှိဈေးကွက်တန်ဖိုး ၅၆ ဘီလီယံ ဒေါ်လာမှ ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုစုစုပေါင်းကို ၁၀၀ ဘီလီယံဒေါ်လာကျော်အထိ နှစ်ဆဖြစ်အောင် ရည်ရွယ်သည့် ဘက်စုံစီးပွားရေးနှင့်ကုန်သွယ်မှုသဘောတူညီချက် (Comprehensive Economic and Trade Agreement - CETA)ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူညီမှုသည် အမေရိ ကန်သမ္မတဒေါ်နယ်ထရမ့်၏ အခွန်တိုးမြှင့်မှုများကြောင့် ကမ္ဘာတစ်ဝှမ်းအတိုင်းအတာဖြင့် ဖြစ်ပေါ် လာသောမတည်မြဲမှုကြားတွင် မိုးဒီအစိုးရက မျှော်လင့်ထားသည့် အဓိကသဘောတူညီချက်တချို့ အနက်ပထမဆုံးတစ်ခုဖြစ်ကြောင်း၊ အမေရိကန်နှင့် အိန္ဒိယအကြား နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး သဘောတူညီမှု တစ်ရပ်ကိုလည်း ရရှိရန်နီးစပ်နေပြီဖြစ်ကြောင်း သိရှိရသည်။

ယူကေနှင့် ချုပ်ဆိုသည့် CETA သဘောတူညီမှုသည် အိန္ဒိယအတွက် တစ်နိုင်ငံချင်းစီနှင့် ချုပ်ဆိုထားသော ဆယ့်ခြောက်ခုမြောက် ကူးသန်းရောင်းဝယ်ရေးသဘောတူညီမှုဖြစ်ပြီး၊ ဤသ ဘောတူညီမှုအရ ဗြိတိန်ဈေးကွက်တွင် သားရေ၊ ဖိနပ်နှင့် အဝတ်အထည်ကဲ့သို့ လုပ်သားအင်အား

အများအပြားလိုအပ်သည့် ထုတ်ကုန်များအပေါ် အခွန်အခများ ဖယ်ရှားသွားနိုင်မည်ဖြစ်ပြီး စုစုပေါင်းအားဖြင့် ၂၃ ဘီလီယံဒေါ်လာကျော် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ထိုနည်းတူပင် ဗြိတိန်မှ ဝီစကီနှင့် ကားများကိုလည်း အိန္ဒိယတွင် ပိုမိုဈေးချိုသာစွာ ဝယ်ယူနိုင်လာမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့စတုတ္ထနှင့် ဆဋ္ဌမအကြီးဆုံး စီးပွားရေးနိုင်ငံများကြား သဘောတူညီချက်ကို ဝန်ကြီးချုပ် Narendra Modi နှင့် ၎င်း၏ ဗြိတိန်ဝန်ကြီးချုပ် Keir Starmer တို့ ၃ နှစ်ကြာ ညှိနှိုင်းပြီးနောက် Trump ဦးဆောင်သော အခွန်စည်းကြပ်မှု မသေချာမရေရာမှုများကြားတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အဆိုပါသဘောတူညီချက်သည်အသက်မဝင်မီ ဗြိတိန်ပါလီမန်၏ အတည်ပြုချက် လိုအပ်မည်ဖြစ်ရာ တစ်နှစ်ခန့်ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။

ဤသဘောတူညီမှုသည် Brexit အပြီး ငါးနှစ်ကြာပြီးနောက်တွင် ကမ္ဘာ့အမြန်ဆုံးတိုးတက်လာသောစီးပွားရေးနိုင်ငံဖြစ်သည့် အိန္ဒိယနှင့် ပိုမိုကျယ်ပြန့်သောဈေးကွက်ဝင်ရောက်မှုအခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သောကြောင့် ဗြိတိန်နိုင်ငံအတွက် အလွန်အရေးကြီးသော သဘောတူညီမှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အိန္ဒိယသည် ဗြိတိန်မှ Scotch ဝီစကီနှင့် ဂျင်တို့အပေါ် တင်သွင်းခွန်ကို လက်ရှိ ၁၅၀ ရာခိုင်နှုန်းမှ ကနဦး ၇၅ ရာခိုင်နှုန်းနှင့် ၁၀ နှစ်အတွင်း ၄၀ ရာခိုင်နှုန်းသို့ လျှော့ချရမည်ဖြစ်သည်။ မော်တော်ကားတင်သွင်းမှုအပေါ် စည်းကြပ်ခွန်သည် နှစ်ဖက်စလုံးမှ ကိုတာစနစ်အောက်တွင် ၁၀၀% ကျော်မှ ၁၀% သို့ လျှော့ချပေးရမည်ဖြစ်သည်။ အိန္ဒိယထုတ်လုပ်သူများသည် ကိုတာစနစ်အရ လျှပ်စစ်နှင့် ဟိုက်ဘရစ်ကားများအတွက် UK ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

"အိန္ဒိယနှင့် ယူကေတို့အကြား စီးပွားရေးမိတ်ဖက်ဆက်ဆံရေးအား ယနေ့မှစ၍ စတင်လိုက်ပြီဖြစ်ကြောင်း၊ "Comprehensive Economic and Trade Agreement (CETA) ကို လက်မှတ်ရေးထိုးခြင်းသည် ကူးသန်းရောင်းဝယ်မှုတိုးတက်စေရန်၊ တန်းတူပါဝင်မှုရှိသောဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန်နှင့် တောင်သူများ၊ အမျိုးသမီးများ၊ လူငယ်များ၊ အသေးစားအလတ်စားလုပ်ငန်းများ (MSMEs) နှင့် ပညာရှင်များအတွက် အခွင့်အလမ်းများဖန်တီးရန် အတူတကွ ကတိကဝတ်ပြုထားမှုကို ပြသနေသည်" ဟု ဝန်ကြီးချုပ်မိုဒီက လူမှုမီဒီယာ X ပေါ်တွင်ရေးသားခဲ့သည်။

၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယမှ ယူကေသို့ တင်ပို့မှုသည် ၁၂.၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၁၄.၅ ဘီလီယံဒေါ်လာသို့ရောက်ရှိခဲ့ကြောင်း၊ ယူကေမှ အိန္ဒိယသို့ တင်သွင်းမှုမှာ ၂.၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီ ၈.၆ ဘီလီယံဒေါ်လာ ရရှိခဲ့ကြောင်း၊ အိန္ဒိယက ဗြိတိန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုကို ယခင် ၁၅ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသို့ လျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီးချုပ်မိုဒီက "အိန္ဒိယ–ယူကေ CETA သဘောတူညီမှုသည် 'Make in India' မူဝါဒအောက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် တင်ပို့မှုမြှင့်တင်ရေးအတွက် အရှိန်အဟုန်ကိုရရှိစေမည်ဖြစ်ကြောင်း၊ ဤသဘောတူညီမှုကြောင့် အိန္ဒိယပြည်သူများအတွက် အရည်အသွေးမြင့်ပြီး ယှဉ်ပြိုင်နိုင်သော ဈေးနှုန်းဖြင့် ပစ္စည်းများကိုဝယ်ယူနိုင်လာမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ပိုမိုသာယာဝပြောသော စီးပွားရေးတိုးတက်မှုနှင့် အိန္ဒိယနှင့်ယူကေနိုင်ငံအကြား ပိုမိုနက်ရှိုင်းသောဆက်ဆံရေး ရှိလာမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံသည် Mauritius၊ UAE၊ Australia၊ EFTA နှင့် UK တို့နှင့်အတူ ကုန်သွယ်ရေးသဘောတူစာချုပ် (၅) ခုကို လက်မှတ်ရေးထိုးခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် Starmer က ယခုသဘောတူညီချက်သည် နှစ်နိုင်ငံစလုံးအတွက် ကြီးမားသောအကျိုးခံစားခွင့်များကို ယူဆောင်လာမည်ဖြစ်ပြီး ကုန်သွယ်မှုကို ဈေးသက်သာ၊ မြန်ဆန်ပြီး ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ အဆိုပါ သဘောတူညီချက်ကို အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal နှင့် ယူကေ၏ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာဝန်ကြီး Jonathan Reynolds တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် ထပ်မံသက်တမ်းတိုးထားသည့် ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေး UK-India Vision 2035 ကိုလည်း အသိပေးထုတ်ပြန်ခဲ့သည်။

နှစ်နိုင်ငံအကြား တစ်နှစ်လျှင် ပေါင် ၂၅.၅ ဘီလီယံအထိ ကူးသန်းရောင်းဝယ်မှု တိုးတက်လာနိုင်သည်ဟုခန့်မှန်းထားသည့် ဤကူးသန်းရောင်းဝယ်ရေးသဘောတူညီမှုသည် အိန္ဒိယအတွက် ပြီးပြည့်စုံမှုအရှိဆုံးသဘောတူညီမှုဖြစ်သည့်အပြင်၊ ဥရောပသမဂ္ဂမှ ထွက်ခွာပြီးနောက် ယူကေနိုင်ငံအတွက်စီးပွားရေးအနေဖြင့် အရေးကြီးဆုံး သဘောတူညီမှုတစ်ခုလည်း ဖြစ်သည်ဟု ယူကေအစိုးရထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ထို့အပြင် ယင်းသဘောတူညီမှုသည် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ဝင်ရောက်ခွင့်ကို ထူးခြားစွာတိုးတက်စေမည်ဖြစ်ပြီး၊ သုံးစွဲသူများအတွက်ပစ္စည်းများနှင့် ဝန်ဆောင်မှုဈေးနှုန်းများ သက်သာလာစေနိုင်မည်ဟုလည်း ထည့်သွင်းဖော်ပြ

Agribusiness & Trade

ထားသည်။ နှစ်ဖက်စလုံးသည် ယခုနှစ် မေလ ၆ ရက်တွင် လွတ်လပ်သော ကူးသန်းရောင်းဝယ်ရေး သဘောတူညီမှု (FTA) ဆွေးနွေးမှုများ အပြီးသတ်ကြောင်း ကြေညာခဲ့သည်။

**အိန္ဒိယ၏ အကျိုးအမြတ်များ**

အိန္ဒိယအစိုးရက ယခုသဘောတူညီချက်တွင် စိုက်ပျိုးရေးနှင့် စားသောက်ကုန်များ၏ ၉၅ ရာခိုင်နှုန်းကို အခွန်ကင်းလွတ်ခွင့်ရရှိစေပြီး ကုန်သွယ်ရေးသဘောတူညီချက်တွင် နို့ထွက်ပစ္စည်း၊ စားသုံးဆီ၊ ဂျုံနှင့် ပန်းသီးများ မပါဝင်ဘဲ ပြည်တွင်းတောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ထားသည်ဟု ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီး ဂိုရယ်က ယခုလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုသည် တောင်သူများ၊ လက်မှုပညာရှင်များ၊ အလုပ်သမားများ၊ အသေးစားအလတ်စားလုပ်ငန်းများ (MSMEs)၊ အစပျိုးလုပ်ငန်းများ (startups) နှင့် တီထွင်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် တန်းတူပါဝင်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာစေမည်ဖြစ်ပြီး၊ အိန္ဒိယ၏ အဓိက အကျိုးစီးပွားများကိုလည်း ထိခိုက်စေခြင်းမရှိဘဲ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရှေ့ဆက်တိုးတက်သွားနိုင်ရေးကို အရှိန်မြှင့်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယထုတ်ကုန်များဖြစ်သည့် နနွင်း၊ ငရုတ်ကောင်း၊ ဖာလာ၊ သရက်သီးပျော့ဖတ်၊ သရက်သီးသနပ်၊ ပဲမျိုးစုံ၊ ပုစွန်နှင့် တူနာကဲ့သို့သော ပြုပြင်ထားသည့် ရေထွက်ကုန်ပစ္စည်းများသည် ဗြိတိန်ဈေးကွက်သို့ အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များ၊ ဂျုံနှင့်ငရုတ်စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ အသင့်စားသုံးနိုင်သောအစားအစာများအပါအဝင် စိုက်ပျိုးရေးနှင့် အစားအစာ အမျိုးအစား ၉၅ ရာခိုင်နှုန်း ထက်မနည်းသော အကောက်ခွန်လိုင်းများအပေါ်တွင် အခွန်အခအားလုံးကို ဖြေလျှော့ပေးသွားမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

အခွန်ကင်းလွတ်ခွင့်သည် လာမည့်သုံးနှစ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့မှုကို ၂၀ ရာခိုင်နှုန်းကျော် တိုးလာစေနိုင်သည်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

CETA သဘောတူညီမှုအရ ပုစွန်ခြောက်၊ တူနာငါး၊ ငါးအစာ၊ တိရစ္ဆာန်အစာ၊ ကော်ဖီ၊ ဟင်းခတ်အမွှေးအကြိုင်၊ အဖျော်ယမကာများနှင့် ချက်ပြုတ်ထားသောအစားအစာများအတွက် အခွန်လုံးဝကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

Agribusiness & Trade

ယနေ့ ကြေညာခဲ့သည့် ဗြိတိန်ပေါင် ၆ ဘီလီယံနီးပါးရှိ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် တင်ပို့မှုအောင်မြင်မှုများသည် အနာဂတ်တွင် ပိုမိုကျယ်ပြန့်လာမည့် ပူးပေါင်းဆောင်ရွက်မှုများ၏ မျှော်မှန်းရသည့်အရာများ၏ ပထမဦးဆုံး အဆင့်ဖြစ်ကြောင်း၊ ထိုပူးပေါင်းမှုများတွင် နည်းပညာမြင့်လုပ်ငန်းများ၊ အရေးကြီးသတ္တုအရင်းအမြစ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း (green finance) နှင့် အခြားကဏ္ဍများအထိ တိုးချဲ့သွားမည် ဖြစ်ကြောင်း Reynolds က ပြောကြားခဲ့သည်။

ဘဏ္ဍာရေးနှင့် ပရော်ဖက်ရှင်နယ်လုပ်ငန်းဝန်ဆောင်မှုများအတွက် ယခုသဘောတူညီမှုသည် အိန္ဒိယ၏တိုးတက်လာနေသော ဈေးကွက်အတွင်း အာမခံချက်ရှိသော ဝင်ရောက်ခွင့် (locked-in access) ပေးနိုင်မည်ဖြစ်ပြီး၊ အိန္ဒိယ၏ အာမခံလုပ်ငန်းကဏ္ဍအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက် (foreign investment cap)ကဲ့သို့သော ကဏ္ဍများတွင် ဗြိတိန်၏ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီများကို အိမ်ရှင်ကုမ္ပဏီများနှင့် တန်းတူဆက်ဆံခွင့်ရစေရန် အာမခံထားခြင်း တို့ပါဝင်သည်” ဟု ယူကေအစိုးရထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်ကုမ္ပဏီပေါင်း ၂၆ ခုသည် အိန္ဒိယတွင် လုပ်ငန်းသစ်များကို ကြေညာခဲ့ပြီး Airbus & Rolls-Royce သည် မကြာမီက သဘောတူညီထားသည့် စာချုပ်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် Rolls-Royce အင်ဂျင်များ၊ အဲယားဘတ်စ် လေယာဉ်များကို မကြာမီ စတင်ပေးအပ်တော့မည် ဖြစ်ကြောင်းလည်း သိရှိရသည်။

ပြန်လည်အားကောင်းလာသော မိတ်ဖက်ဆက်ဆံရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဗြိတိန်နှင့် အိန္ဒိယတို့သည် အကျင့်ပျက်ခြစားမှု၊ ကြီးလေးသော လိမ်လည်မှု၊ စနစ်တကျ ရာဇဝတ်မှုများနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ဤသဘောတူညီမှုကြောင့် ယာယီစီးပွားရေးလုပ်ငန်းအတွက် ခရီးသွားမည့်သူများအတွက် ဝင်ရောက်ခွင့်အား ပိုမိုလွယ်ကူလာမည်ဖြစ်သော်လည်း ဗီဇာပေးအပ်မှုဆိုင်ရာများ အကျုံးဝင်မည်မဟုတ်ကြောင်း၊ ထို့အပြင် အိန္ဒိယနှင့် ယူကေအကြား သဘောတူထားမှုအရ၊ အလုပ်သမားများအနေနှင့် တစ်နိုင်ငံမှအခြားနိုင်ငံသို့ ယာယီစာတင်နေထိုင်စဉ်အတွင်း နှစ်နိုင်ငံလုံးရှိ အလုပ်သမားများအား လူမှုဖူလုံရေးရန်ပုံငွေများ မပေးဆောင်ရန် သဘောတူညီခဲ့ကြကြောင်းသိရှိရသည်။

Agribusiness & Trade

အိန္ဒိယသည် Double Contribution Convention ဆိုင်ရာ သဘောတူညီချက်ကိုလည်း ရရှိခဲ့ ကြောင်းနှင့် ၎င်းသည် အိန္ဒိယရှိကျွမ်းကျင်ပညာရှင်များနှင့် ၎င်းတို့၏အလုပ်ရှင်များအား ယူကေရှိ လူမှုဖူလုံရေးငွေပေးချေမှုမှ သုံးနှစ်အထိ ကင်းလွတ်ခွင့်ပေးမည်ဖြစ်သဖြင့် အိန္ဒိယမှ ကျွမ်းကျင်လုပ် သားများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေမည်ဖြစ်ကြောင်း သိရှိရသည်။

CETA သည် အိုင်တီနှင့် အိုင်တီသုံး ဝန်ဆောင်မှုများ၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာဝန်ဆောင် မှုများ၊ ပရော်ဖက်ရှင်နယ်နှင့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှုများ အတွက် စျေးကွက်ဝင်ရောက်ခွင့်ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြားသည်မှာ— အိန္ဒိယမှ ကျွမ်းကျင် လုပ်သားများ၊ အထူးသဖြင့် ကုမ္ပဏီများမှ ယူကေရှိ ဝန်ဆောင်မှုကဏ္ဍအမျိုးမျိုးတွင် တာဝန်ထမ်း ဆောင်ရန်သွားရောက်နေသူများ၊ ထို့အပြင် သဘောတူစာချုပ်အရ တာဝန်ထမ်းဆောင်သည့် ဗိသု ကာပညာရှင်များ၊ အင်ဂျင်နီယာများ၊ ချက်ပြုတ်ကျွမ်းကျင်သူများ၊ ယောဂပညာရှင်များ၊ တေးဂီတ ပညာရှင်များစွာအတွက် ဗီဇာလုပ်ငန်းစဉ် ပိုမိုလွယ်ကူလာမည်ဖြစ်ပြီး ဝင်ရောက်ခွင့် အမျိုးအစား များလည်း ထပ်မံဖြေလျှော့ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းသည် ယူကေတွင် အိန္ဒိယကျွမ်းကျင်သူ များအတွက် အလုပ်လုပ်ရန် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုန်သွယ်ရေးသဘောတူညီချက်အရ ဗြိတိန်ကုမ္ပဏီများသည် သန့်ရှင်းသောစွမ်းအင် ကဲ့သို့ သောကဏ္ဍများနှင့် အာမခံလုပ်ငန်းကဲ့သို့သော ဝန်ဆောင်မှုကဏ္ဍများအတွက် အိန္ဒိယ၏ ဝယ်ယူရေး စျေးကွက်ကို ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

အမျိုးသမီးနှင့် လူငယ်စွန့်ဦးတီထွင်သူများ၊ လယ်သမား၊ ရေလုပ်သားများ၊ startup များနှင့် MSMEs များသည် ဆန်းသစ်တီထွင်မှုကို အားပေးသော၊ ရေရှည်တည်တံ့သော အလေ့အကျင့်များ ကိုမြှင့်တင်ရန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများကို လျှော့ချပေးသည့် ပြဋ္ဌာန်းချက် များဖြင့် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များဆီသို့ အသစ်ဝင်ရောက်ခွင့်ရရှိ လိမ့်မည်” ဟု ဝန်ကြီး ဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရိုးရာပစ္စည်းများဖြစ်သည့် Bhagalpur ပိုးထည်၊ Pashmina ပဝါ၊ Kolhapuri chappal နှင့် Thanjavur အရုပ်များသည် ယခုအခါတွင် ဗြိတိန်နိုင်ငံတစ်ဝှမ်းရှိ ကုန်တိုက်များနှင့် စျေးဆိုင်များတွင် ပြသရောင်းချနိုင်မည်ဖြစ်ပြီး အိန္ဒိယတွင်ထုတ်လုပ်သော ရိုးရာထုတ်ကုန်များစွာ အတွက် အခွန်ကင်းလွတ်ခွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ Makhana၊ Shahi Litchi၊ Araku ကော်ဖီ

နှင့် Kashmiri Saffron တို့သည် UK ဈေးကွက်သို့ ပိုမိုဝင်ရောက်ခွင့်ရရှိမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India, UK start a new chapter with FTA, The Economic Times, July 25, 2025.

……………………………………………………………………………………………..............

Agribusiness & Trade